# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (August 15 - 21, 2024)

## ဩဂုတ်လ တတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ တတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၄ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၁ ဦး သေဆုံးခဲ့ပါသည်။ မွန်ပြည်နယ် နှင့် စစ်ကိုင်းတိုင်းတွင် ၅ ဦးစီ၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၄ ဦးစီ၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂ ဦးစီ၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတွင် ၁ ဦးတို့ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၈ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၇ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၀၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ပဲခူးတိုင်းတွင် ၆၀ လုံး၊ စစ်ကိုင်းတိုင်းတွင် ၄၀ နှင့် မကွေးတိုင်းတွင် ၃ လုံး စုစုပေါင်း နေအိမ် ၁၀၃ လုံး မီးလောင် ဆုံးရှုံးခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ တတိယအပတ်အတွင်း အရပ်သားပြည်သူ ၂၈၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ မန္တလေးတိုင်းတွင် ၂၂၀ ဦး၊ မကွေးတိုင်းတွင် ၅၁ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၀ ဦး၊ မွန်ပြည်နယ်တွင် ၂ ဦးနှင့် ဧရာဝတီတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လ တတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၄၈ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၃၁ ကြိမ်၊ မန္တလေးတိုင်းတွင် ၅ ကြိမ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၄ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၃ ကြိမ်၊ မကွေးတိုင်း ၂ ကြိမ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## ဩဂုတ်လ တတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ တတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၅၅ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၆ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၀ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် ၇ ကြိမ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၄ ကြိမ်စီ၊ ကချင်ပြည်နယ်တွင် ၃ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၂ ကြိမ်၊ ချင်းပြည်နယ်တို့တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဩဂုတ်လ တတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၄၈၁ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၂ ဦး ကျဆုံးခဲ့ပါသည်။

| Data of Myanmar Conflict 15-21, August 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 1 | | |
| **BAGO** | 4 | | 37 | | | 2 | | | 60 |
| **CHIN** | 1 | 1 | | | | | | | |
| **KACHIN** | 3 | 1 | 300 | | | | | | |
| **KAYIN** | | | | | 1 | | | | |
| **MAGWAY** | 10 | 2 | 41 | | | 4 | 51 | | 3 |
| **MANDALAY** | 7 | 5 | 54 | | | 4 | 220 | | |
| **MON** | 4 | | 12 | | | 5 | 2 | | |
| **RAKHINE** | 4 | 1 | | | | 11 | | | |
| **SAGAING** | 16 | 31 | 27 | 2 | 1 | 4 | 10 | | 40 |
| **SHAN (North)** | 4 | 4 | | | | 2 | | | |
| **SHAN (South)** | | | | | | 1 | | | |
| **TANINTHARYI** | 2 | 3 | 10 | | 1 | | | | |
| **TOTAL** | **55** | **48** | **481** | **2** | **3** | **33** | **284** | | **103** |




**ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

## Map of Myanmar Conflict ( August 15 -21, 2024 )



## ဩဂုတ်လ တတိယအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကြံ့ခိုင်ရေးပါတီ ခေါင်းဆောင်တချို့နဲ့ သီးသန့်တွေ့ဆုံပြီး တဲ့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီတွေကို နေပြည်တော်ကို ဖိတ်ကြားလိုက်ပါ တယ်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ပါတီကိစ္စတွေကို လုပ်ဆောင်နိုင်ဖို့ ဆွေးနွေးရန်ဆိုပြီး မှတ်ပုံတင်ထားတဲ့ ပါတီတွေကို ဩဂုတ် ၂၄ ရက်မှာ တွေ့ဖို့ ကော်မရှင်က ဖိတ်ကြားလာတာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဟာ ကုလသမဂ္ဂအတွင်းမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စဂျူလီ ဘစ်ရှော့နဲ့ မြို့တော် ပေကျင်းမှာ ဩဂုတ် ၂၀ ရက်က တွေ့ဆုံပြီး မြန်မာ့အရေး ဆွေးနွေးခဲ့ကြပါ တယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဟာ မြန်မာ့အရေးမှာ ထူးခြားတဲ့ အခန်းကဏ္ဍက ပါဝင်နေတာကို အသိအမှတ်ပြုသလို အဆိုပါ အရေးကိစ္စတွေ ဆောင်ရွက်ရာ မှာလည်း တရုတ်နိုင်ငံက ပံ့ပိုးကူညီပေးဖို့ အသင့်ရှိကြောင်းနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ ပြန်လည်သင့်မြတ် ရေးနဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတို့အတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍ ကနေ ပါဝင်ဆောင်ရွက်နေတယ်လို့လည်း ဆိုပါတယ်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese.**